ရှမ်းလူ့အခွင့်အရေး ဖေါင်ဒေးရှင်း မှ နောက်ဆုံးရ သတင်း

ဩဂုတ် ၂၆၊ ၂၀၁၄။

**စစ်ဘေးရှောင် ရှမ်းရွာသားများက ၎င်းတို့နေအိမ်နှင့်ခြံများတွင်ရှိနေသည့်မြန်မာစစ်သားများကို ဖယ်ရှားပေးရန် သမတဦးသိန်းစိန်ထံအသနားခံစာ တင်ခြင်း။**

ကျေးသီးမြို့နယ် ဖာဆောင်ရွာတွင် တပ်စွဲထားသည့် မြန်မာစစ်သားများကို ဖယ်ရှားပေးရန် ၃၀၀ ခန့်ရှိစစ်ဘေးရှောင်ရွာသားများက သမတဦးသိန်းစိန်ထံ ယနေ့ အသနားခံစာတစောင်တင်လိုက်သည်။ လွန်ခဲ့သည့် နှစ်လအတွင်းပျက်စီးခဲ့သောအိမ်များ၊လယ်ယာများအတွက်လည်းလျော်ကြေးတောင်းဆိုလိုက်သည်။

တည်ရှိစဲ အပစ်ရပ်သဘောတူညီချက်ကို ချိုးဖေါက်လျှက် ၂၀၁၄ခု ဂျွန်လမှစ၍ အက်စ်အက်စ်အေ (မြောက်ပိုင်း) / ရှမ်းပြည်တိုးတက်ရေးပါတီ( SSPP)နယ်မြေများကို ထိုးစစ်ဆင်သိမ်းယူရန် မြန်မာအစိုးရ စစ်တပ် ၃၀၀၀ခန့်ကို ကျေးသီး၊ မိုင်းရှူးတန့်ယန်း မြို့နယ်များသို့ ဖြန့်ကျက်ချထားခဲ့သည်။ဂျွန်လ ၂၆ ရက်နေ့ မှစ၍ ဖာဆောင်ကိုသိမ်းပိုက်ပြီး ထိုရွာမှ လက်နက်ကြီးများဖြင့် လှမ်းပစ်ခတ်နေသည်။ ရွာသား ၃၀၀ ခန့်မှာ အနီးနားရှိ ဂမ်ဂပ်ရွာသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ ယနေ့တိုင် လက်နက်အပြည့်ဖြင့် စစ်သား ၅၀၀ကျော် သည် ပါဇောင်းရွာတွင် တပ်စွဲထားလျှက်ရှိသည်။ အိုးအိမ်နှင့် လယ်ယာသီနှံများ ပျက်စီးရသည်။

ဩဂုတ်လ ၇ ရက်နေက ရှမ်းလူထုအခြေပြု အဖွဲ့အစည်းများသည် မြန်မာပြည်သို့ အလည်လာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီထံ ရှမ်းပြည်နယ်အတွင်း ထိုးစစ်များနှင့် ပတ်သက်၍ တင်ပြရန် စာတစောင်ပေးပို့ခဲ့သည်။ သူ၏ခရီးစဉ်အတွင်း မြန်မာစစ်တပ်သည် ထိုးစစ်များကို ဆက်လက်လုပ်ခဲ့သည် သာဖြစ်သည်။ ဖာဆောင်ရွာတောင်ဘက် ၄ မိုင်မျှသာဝေးသော နေရာတွင် SSPP နှင့် ဩဂုတ်လ ၈ ရက်နှင့် ၉ ရက်နေ့တွင် တိုက်ပွဲများ ဖြစ်ခဲ့သည်။ မကြာသေးသော ဩဂုတ် ၂၂ ရက်ကပင် မြန်မာအစိုးရတပ်များသည် SSPP နယ်မြေထဲဝင်တိုက်ခါ ဖာဆောင်ရွာ အရှေ့တောင်ဘက် ၆ မိုင်လောက်တွင်ရှိSSPP တပ်ကို လက်နက်ကြီးများဖြင့် ပစ်နေသည်။

စစ်ဘေးရှောင်ရွာသားများမှာ ဂမ်ဂပ်ရွာ ဘုန်းကြီးကျောင်းတွင် ခိုလှုံနေကြရသည်။ လှူဒါန်းသည့် အစားအစာနှင့် ပစ္စည်းများအပေါ်သာ မှီခိုနေကြရသည်။ သူတို့ကို မြန်မာစစ်သားများက စောင့်ကြပ်နေပြီး ချုပ်ချယ်ကန့် သတ်နေသည်။ နားမကြားသော ရွာသားတဦးမှာ စစ်သားတို့ ပေးသော အမိန့်ကို မကြားသောကြောင့် အရိုက်ခံ၊ အကန်ခံရသည်။

သမတဦးသိန်းစိန်ထံ တင်သော အသနားခံစာတွင် စစ်ဘေးရှောင်ရွာသား ၂၉၁ ဦးက သူတို့ရွာကို မြန်မာစစ်တပ်တို့ သိမ်းပိုက်မှုကြောင့် ပျက်စီးသွားသော၊ စပါး၊ မြေပဲ၊နဲ့ပြောင်းခင်းများ ပါဝင်သည့် လယ်မြေ ၄၂၂ . ၅ ဧက၊ စစ်တပ်မှ သတ်ဖြတ်စားသည့် ကျွဲနွား၊ ဂက်ကြက်ဆုံးရှုံးမှုများအတွက်လျော်ကြေး တင်ပြထားသည်။

ထိုစာမိတ္တူကို ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အမှတ် ၄ တိုင်းမှူး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ရှိ နိုင်ငံရေးပါတီများ ထံသို့လည်းပို့သည်။

စာမိတ္တူကို တွဲ၍ ပို့ထားပါသည်။ www.shanhumanrights.org မှာလည်းဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် - နန်းခွမ်လိတ်  : + ၆၆ ၈၄ ၆၆၈ ၀၉၈၄ (သို့) +၆၆ ၉၁ ၂၉၇ ၇၇၅၄